ပထမ ပုဂ္ဂလိကဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
NO. 619-621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.
TELEPHONE: 095-1-376 451 ~ 452 / 378 267 ~ 269. 095-1-251 748 ~ 749 / 246 786
FAX: 095-1-242 320/ 250 148/ 251 747.
Website: www.firstprivatebank.com.mm
e-mail: fpbho.ygn@gmail.com hofirst.private@gmail.com

# အကြိမ်(၃၀)မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည့်ရက် ကြိုတင်အသိပေးကြေငြာခြင်း

နေ့စွဲ၊ ၂၀၂၁ခုနှစ် နိုဝင်ဘာလ( ၈ )ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်ရက်- | ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်(သောကြာနေ့) |
| ကျင်းပမည့်အချိန်- | နံနက်(၉:၀၀)နာရီ |
| ကျင်းပမည့်နေရာ- | ပထမပုဂ္ဂလိကဘဏ်လီမိတက်(ရုံးချုပ်) (video Conference) |

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အကြိမ်(၃၀)မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်နိုင်ရန် အစုရှယ်ယာများ နောက်ဆုံးဝယ်ယူရမည့်နေ့မှာ **(၁၂-၁၁-၂၀၂၁)နေ့ ဖြစ်ပါသည်။**

အကြိမ်(၃၀)မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အစုရှင်များတက်ရောက်သော အစည်းအဝေးအစား (Video Conference)ဗွီဒီယိုကွန်ဖရန့်ဖြင့်ပြုလုပ်ရန် စီစဉ်ထားပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေး အထမြောက်အောင်မြင်စွာကျင်းပနိုင်ရန် ဗွီဒီယိုကွန်ဖရန့်(Video Conference)ကို အစုရှင်အားလုံး၏ (၃၀%) (Quorum) ပြည့်မီရန်လိုအပ်ပါသည်။

သို့ပါ၍ အစုရှင်များမှကိုယ်တိုင်မတက်ရောက်နိုင်ပါက အခြားအစုရှင်တစ်ဦးဦးကို မိမိကိုယ်စား ပါဝင်ဆွေးနွေးစေပြီး လိုအပ်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် ကိုယ်စားလှယ်(Proxy) လွှဲအပ်ရန်လိုအပ်ပါသည်။ (သာဓကအနေဖြင့် လက်ရှိဒါရိုက်တာအဖွဲ့ဝင်တစ်ဦး၊ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီနှင့် မိမိတို့နှင့်နီးစပ်ရာဘဏ်ခွဲ မန်နေဂျာအသီးသီးအား ဆက်သွယ်၍ ကိုယ်စားလှယ်လွှဲအပ်နိုင်ပါသည်။) ကိုယ်စားလှယ်(Proxy) လွှဲအပ်သည့်ပုံစံကို သိရှိလိုက်နာနိုင်ရန် ဘဏ်ခွဲမန်နေဂျာများထံတွင်လည်းကောင်း၊ ရန်ကုန်စတော့အိပ်ချိန်း၏Website "https://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ် website www.firstprivatebank.com.mm" တို့တွင်လည်းကောင်း တင်ပြထားမည်ဖြစ်ပါသည်။)

နှစ်ပတ်လည်အထွေထွေအစည်းအဝေးထမြောက်အောင်မြင်ရန် (Video Conference) ဗွီဒီယိုကွန်ဖရန့် ဖြင့်လိုအပ်သော အစုရှင်အားလုံး၏(၃၀%)(Quorum)ပြည့်မီရမည် ဖြစ်သဖြင့် ကိုယ်စားလှယ်(Proxy) မဖြစ်မနေ လွှဲအပ်ပေးပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## ကိုယ်စားမဲပေးရန်ခန့်အပ်လွှာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏အစုရှင် ကျွန်ုပ် ဦး/ဒေါ် ______________________သည် <u>ကျွန်ုပ်ကိုယ်စား</u> ဦး/ဒေါ် ---------------------------- နိုင်ငံသားစိစစ်ရေးကဒ် -----------------------------------အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက် နှင့် အခြားရွှေ့ဆိုင်းသော မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်လိုက်ပါသည်။

မှတ်ချက် - ကိုယ်စားလှယ်ခန့်အပ်ခံရသူသည် <u>(၁၂-၁၁-၂၀၂၁)(သောကြာ)နေ့တွင်</u> ဘဏ်အစုရှယ်ယာပိုင်ဆိုင်ထားသည့် အစုရှင်ဖြစ်ရပါမည်။

- ကိုယ်စားမဲပေးရန်ခန့်အပ်လွှာကို<u>(၂၁-၁၂-၂၀၂၁)</u>ရက်(အင်္ဂါနေ့)ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ် ရုံးချုပ် (သို့မဟုတ်) နီးစပ်ရာဘဏ်ခွဲများသို့ ပေးပို့ရပါမည်။
- အစည်းအဝေးအထမြောက်စေရန်အတွက် အစည်းအဝေးမတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန်။

လက်မှတ် ---------------------------------------------------------------------

အမည် ---------------------------------------------------------------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------------------------------------------------

လိပ်စာ ---------------------------------------------------------------------

Special Code (သို့) Security No. ---------------------------------------------

ပိုင်ဆိုင်သည့်အစုအရေအတွက် (                    )

နေ့စွဲ။ ၂၀၂၁ ခုနှစ်၊ လ၊ ရက်။

မှတ်ချက်။ ကိုယ်စားလှယ်လွှဲစာတရားဝင်စေရန်အတွက် အခွန်တံဆိပ်ခေါင်း ၅၀/-(ငါးဆယ်ကျပ်) ကပ်ရပါမည်။